## ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

**ဖုန်း**
206-296-VOTE (8683)
1-800-325-6165
TTY ကြားခံဖုန်းနံပါတ်- 711

**အီးမေးလ်**
elections@kingcounty.gov

**အွန်လိုင်း**
kingcounty.gov/elections

**အီးမေးလ် သို့မဟုတ် လူကိုယ်တိုင်**
Elections Headquarters
919 Southwest Grady Way
Renton, WA 98057

ရုံးဖွင့်ရက်များတွင် မနက် 8:30 နာရီ – ညနေ 4:30 နာရီအတွင်း ဖွင့်သည်။

### ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါဝင်ပါ

twitter.com/kcelections
facebook.com/kcelections
instagram.com/kcelections



### လုပ်ဆောင်ရလွယ်ကူစေသော ဆန္ဒမဲပေးခြင်း

လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို လုပ်ဆောင်ပြီးစီးရန် အခက်အခဲရှိသူများအတွက် အကူအညီ စက်ကိရိယာများကို မဲပေးရန်စင်တာများတွင် စီစဉ်ထားရှိပါသည်။ သင့်တွင် ဆန္ဒမဲပေးရန် အခက်အခဲတစ်စုံတစ်ရာ ရှိလာပါက 206-296-VOTE (8683) သို့ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

### အခြားဘာသာစကားများဖြင့် ထောက်ပံ့ပေးထားသော ဆန္ဒမဲဆိုင်ရာ စာရွက်စာတမ်းများ

King County Elections က မဲပုံးများနှင့် ဆန္ဒမဲဆိုင်ရာ စာရွက်စာတမ်းများအားလုံးကို အင်္ဂလိပ်ဘာသာ အပြင် တရုတ်၊ ကိုရီးယား၊ စပိန်နှင့် ဗီယက်နမ်ဘာသာတို့ဖြင့် ထောက်ပံ့ထားပါသည်။

ဆန္ဒမဲဆိုင်ရာ စာရွက်စာတမ်းများကို ထိုဘာသာစကားများအနက် တစ်ခုခုဖြင့် တောင်းဆိုရန် ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

vote!

# လမ်းညွှန်
# King County တွင် ဆန္ဒမဲပေးခြင်း

King County
Elections







## ဆန္ဒမဲပေးရန် မည်သူတွေ မှတ်ပုံတင်ခွင့်ရှိမလဲ

သင်သည် နိုင်ငံသားဖြစ်ရမည်၊ Washington State တွင် တရားဝင်နေထိုင်သူ ဖြစ်ရမည်၊ အနည်းဆုံး တစ်ဆယ့်ခြောက်နှစ်ပြည့်သူဖြစ်ရမည်၊ တရားရုံးအမိန့်ကြောင့် မဲပေးရန် အရည်အချင်းမပြည့်မီသူ မဖြစ်ရပါ၊ ကြီးလေးသောပြစ်မှုထင်ရှားခြင်းကြောင့် လက်ရှိတွင် အကျဉ်းကျခံနေရသူ မဖြစ်ရပါ။

အသက်16 နှစ်နှင့် 17 နှစ်ရှိသူများသည် ဆန္ဒမဲပေးရန် ကြိုတင်မှတ်ပုံတင်နိုင်ပြီး ၎င်းတို့ မဲပေးရန် အရည်အချင်းပြည့်မီသည့်အခါ ၎င်းတို့၏ဆန္ဒမဲကို အလိုအလျောက် စတင်ရရှိမည်ဖြစ်သည်။

NEW

2022 ခုနှစ် ဇန်နဝါရီလအထိ မည်သည့်လူ့အသိုက်အဝန်း ကြီးကြပ်မှုအနေအထား ရှိစေကာမူ ကြီးလေးသောပြစ်မှုထင်ရှားခြင်း နောက်ပိုင်း ပြန်လည်လွတ်မြောက်မှုကို မူတည်၍ ဆန္ဒမဲများကို ချက်ချင်းပြန်လည်ရရှိစေသည်။ ယခင်က ကြီးလေးသောပြစ်မှုထင်ရှားခြင်းများရှိခဲ့သူများသည် ပြန်လည်လွတ်မြောက်ပြီးနောက် ဆန္ဒမဲပေးရန် ရိုးရှင်းစွာပင် မှတ်ပုံတင်ရန်လိုအပ်သည်။

NEW

General election (အထွေထွေရွေးကောက်ပွဲ) မတိုင်မီ အသက် 18 နှစ်ပြည့်တော့မည့် 17 နှစ်ရှိသူများသည် Primary election (ကိုယ်စားလှယ်လောင်းရွေးကောက်ပွဲ)တွင် ဆန္ဒမဲပေးနိုင်သည်။ ဆန္ဒမဲပေးရန် ကြိုတင်မှတ်ပုံတင်ထားပါက အရည်အချင်းပြည့်မီသော အသက် 17 နှစ်ရှိသူများသည် ၎င်းတို့ပြည့်မီထားသည့် ပထမဆုံးရွေးကောက်ပွဲအတွက် ဆန္ဒမဲကို အလိုအလျောက်ရရှိမည် ဖြစ်သည်။

## သင့်ဆန္ဒမဲကို ရရှိခြင်း

သင်သည် ဆန္ဒမဲပေးရန် မှတ်ပုံတင်လိုက်သည်နှင့် နောက်လာမည့်ရွေးကောက်ပွဲမတိုင်မီ သုံးပတ်ခန့်အလိုတွင် သင်၏လိပ်စာသို့ သင့်ဆန္ဒမဲကို ကျွန်ုပ်တို့ ပေးပို့မည်ဖြစ်သည်။ တာဝန်ထမ်းဆောင်သူနှင့်ပြည်ပရောက်မဲဆန္ဒရှင်များအတွက် ပိုစောနိုင်သည်။

## သင့်ဆန္ဒမဲတွင် ဘာတွေပါမလဲ လေ့လာခြင်း

ရွေးကောက်ပွဲတိုင်း မတိုင်မီတွင် ကိုယ်စားလှယ်လောင်းများအတွက် ဖော်ပြချက်များ၊ ဆက်သွယ်ရန်အချက်အလက်များနှင့် ဆန္ဒမဲရေတွက်မှုများဆိုင်ရာ ထပ်ဆောင်းအချက်အလက်များပါဝင်သည့် မဲဆန္ဒရှင်လက်ကမ်းစာစောင်ကိုလည်း သင်လက်ခံရရှိပါလိမ့်မည်။

ဆန္ဒမဲပေးရန် အရည်အချင်းပြည့်မီနိုင်မည့် ယှဉ်ပြိုင်ပွဲများကိုသာ ဖော်ပြပေးမည့် သီးသန့်ဖန်တီးထားသော မဲဆန္ဒရှင်လမ်းညွှန်ကိုလည်း kingcounty.gov/elections/my-voter-information တွင် ရရှိနိုင်သည်။

www. kingcounty.gov/elections

## သင်၏ဆန္ဒမဲတွင် မဲပေးခြင်း

ယှဉ်ပြိုင်မှုတစ်ခုချင်းစီတွင် သင့်ရွေးချယ်မှုဘေးရှိ ဘဲဥပုံအတွင်း အရောင်ပါသည့်ဘောပင်တစ်ခုခုကို သုံး၍ဖြည့်ပါ။ အမှားအယွင်း ပြုလုပ်မိပါက ဘဲဥပုံအပါအဝင် ရွေးချယ်မှုတစ်ခုလုံးကို မျဉ်းခြစ်လိုက်ရုံသာဖြစ်ပြီး သင့်ရွေးချယ်မှုအသစ်၏ဘေးရှိ ဘဲဥပုံအတွင်း ဖြည့်ပါ။ ကျွန်ုပ်တို့အနေဖြင့် သင့်ဆန္ဒမဲတစ်ခုလုံးကို မဲပေးရန် အားပေးသော်လည်း မည်သည့်ယှဉ်ပြိုင်ပွဲများကိုမဆို သင်ဆန္ဒရှိသလို ကျော်လိုက်နိုင်သလို သင်မဲပေးခဲ့သည့် ယှဉ်ပြိုင်ပွဲများကိုသာ ကျွန်ုပ်တို့က ထည့်သွင်းရေတွက်မည်ဖြစ်သည်။

## သင်၏ပြန်ပို့စာအိတ်တွင် လက်မှတ်ထိုးခြင်း

သင့်ဆန္ဒမဲကို ထည့်သွင်းရေတွက်စေရန်အတွက် ပြန်ပို့စာအိတ်ပေါ်ရှိ ကြေညာချက်တွင် လက်မှတ်ထိုးထားရမည်ဖြစ်ပြီး ထိုလက်မှတ်သည် သင်မဲဆန္ဒရှင်မှတ်ပုံတင်မှတ်တမ်းတွင် ထိုးထားသည့် လက်မှတ်နှင့် ကိုက်ညီရမည်။ သင့်လက်မှတ်သည် လက်ရေးဆက်ဖြစ်နေရန် သို့မဟုတ် ပီသရှင်းလင်းနေရန် မလိုအပ်ပါ။ ဖိုင်တွင်ရှိသည့် လက်မှတ်နှင့် ကိုက်ညီရန်သာ လိုအပ်သည်။ သင့်လက်မှတ် မကိုက်ညီပါက သို့မဟုတ် လုံးဝမပါရှိပါက ကျွန်ုပ်တို့က ထိုအချက်အလက်များကို ရရှိနိုင်ခြင်းရှိမရှိကို သင့်ထံ စာတစ်စောင်ပို့၍ ဖုန်း နှင့် အီးမေးလ်မှတစ်ဆင့် ဆက်သွယ်မည်ဖြစ်သည်။ သင့်အနေဖြင့် ရိုးရိုးပုံစံတစ်စောင်တွင် ဖြည့်စွက်၍ ပြန်ပို့ပေးရန်သာ လိုအပ်သည်။

## သင့်ဆန္ဒမဲကို ပြန်ပို့ခြင်း

သင့်ဆန္ဒမဲကို Vote Center (မဲပေးရန် စင်တာ) သို့မဟုတ် Student Engagement Hub (ဆန္ဒမဲပေးခြင်းဆိုင်ရာ ကျောင်းသားအသိပညာပေးဌာန) သို့မဟုတ် King County အနှံ့ရှိ လျှို့ဝှက်ဆန္ဒမဲပုံး 70 ကျော်အနက် တစ်ခုခုထံသို့ စာတိုက်မှ ပြန်ပို့နိုင်သည်။ တံဆိပ်ခေါင်းကပ်ရန် မလိုပါ။

သင့်ဆန္ဒမဲကို စာပို့ရန် ရွေးချယ်ထားပါက စာတိုက်တံဆိပ် အချိန်မီစေရန် Election Day (ရွေးကောက်ပွဲရက်) မတိုင်မီ သောကြာနေ့တွင် ပို့ရန် အကြံပြုပါသည်။ ထည့်သွင်းရေတွက်စေရန် သင့်ဆန္ဒမဲကို Election Day (ရွေးကောက်ပွဲရက်) သို့မဟုတ် မဲပုံး သို့ ည 8 နာရီတိတိတွင် စာတိုက်တံဆိပ်နှိပ်ပြီး ဖြစ်ရမည်။

## သင့်ဆန္ဒမဲကို ခြေရာခံခြင်း

သင့်ဆန္ဒမဲကို လက်ခံရရှိပြီး ထည့်သွင်းရေတွက်ပြီးစီးကြောင်း သေချာစေရန် ဆန္ဒမဲအွန်လိုင်းခြေရာခံခြင်းဖြင့် စစ်ဆေးပါ။ ဆန္ဒမဲအွန်လိုင်းခြေရာခံခြင်းသည် ပြဿနာဖြေရှင်းနိုင်ရန်နှင့် သင့်ဆန္ဒမဲကို ထည့်သွင်းရေတွက်နိုင်စေရန်အတွက် သင့်ဆန္ဒမဲတွင် လက်မှတ်ပြဿနာရှိမရှိ သိနိုင်မည့် အမြန်ဆန်ဆုံး နည်းလမ်းလည်းဖြစ်သည်။ သင့်ဆန္ဒမဲကို kingcounty.gov/elections/ballot-tracker တွင် ခြေရာခံပါ။